# ၃။ ရှေးက ကပ္ပိယဒါယကာများ ဝိနည်းသိကြတယ်

ဆရာတော် ။ ။ ရွှေဥမင်ဆရာတော်ကြီးက သာလွန်မင်းတရားလက်ထက်ကာလ ပခန်းသာဂရ ဝက်ကျဥမင်မှာ သီတင်းသုံးတော်မူနေပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တောင်ဖီလာဆရာတော်ကြီးက ရှင်ဘုရင်အကိုးကွယ်ခံ ဆရာတော်ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရွှေဥမင်ဆရာတော်ကြီးက အလုပ်အကျွေး သူတော်ဝတ် ကပ္ပိယတစ်ယောက်နဲ့ တစ်ပါးထဲ သီတင်းသုံးတော်မူနေတဲ့ကာလမှာ တောင်ဖီလာဆရာတော်က ကြွလာတော်မူပြီး လှူဖွယ်ပစ္စည်းအစုစုကို ရွှေဥမင်ဆရာတော်ထံပါး လှူဒါန်းတော်မူပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တောင်ဖီလာ ဆရာတော်က "*ဒါက နှစ်ထပ်သင်္ကန်းပါဘုရား၊ သံသရာကို ချီးမြှင့်သဖြင့် သုံးဆောင်*

*တော်မူပါဘုရား"*ဟု လှူသည်ကို လက်နဲ့ခံယူပြီး "သာဓု၊ သာဓု၊ ရွှေစည်းခုံကို လှူပါ၏"လို့ ဆိုပြီး ချထားတော်မူတယ်။

Dr. အောင်သူ ။ ။ လှူတဲ့ပစ္စည်းတိုင်းကို သာဓု၊ သာဓု၊ ရွှေစည်းခုံကို လှူပါ၏ဘုရားလို့ ဆိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အာဂန္တု ဆရာတော်ကြွပြီးတဲ့နောက် ကပ္ပိယက ရွှေဥမင်ဆရာတော်အနား လာပြီး မေးလျှောက်တယ်။

M.Sc ကျောင်းသား ။ ။ ဘယ်လိုမေးလျှောက်ပါသလဲဘုရား။

ဆရာတော် ။ ။ အရှင်ဘုရား ဝိနည်းမှာ သူ့သဒ္ဓါရှိလို့ လှူတဲ့ပစ္စည်းကို မသုံးဆောင်ဘဲ သူတစ်ပါးကို မပေးရဘူး။ ပေးရင် သူ့သဒ္ဓါကို ဖျက်ရာကျတဲ့အတွက် *'သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ်'* အာပတ်သင့်မှာ မဟုတ်ပါလားဘုရားလို့ လက်အုပ်ချီမိုးပြီး မေးလျှောက်ပါတယ်။

Dr. အောင်သူ ။ ။ ရှေးက ကပ္ပိယတွေက အလွန် နက်နဲခက်ခဲပြီး သိမ်မွေ့တဲ့ ဝိနည်းတွေကိုပါ သိနေကြတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်၊ ဟုတ်တယ်
ကပ္ပိယ ဒါယကာတွေ
ရဟန်းဝိနည်းများများသိလေ ဝိနည်းလေးစားတဲ့
သံဃာတော်များ ချမ်းသာလေပါဒကာကြီး။
M.Sc ကျောင်းသား ॥ ॥ ဘုရားတပည့်တော်
လည်း ဝိနည်းလေ့လာ
နေပါပြီဘုရား။ ဝိနည်းသိတဲ့ ကပ္ပိယဖြစ်အောင်
ကြိုးစားပါ့မယ်ဘုရား။
ဆရာတော် ॥ ॥ သာဓု၊ သာဓု၊ သာဓုပါ
မောင်ကျောင်းသား။

---

ကျမ်းညွှန်း

* ဓမ္မာစရိယဦးဌေးလှိုင်၏ ဘုန်းတော်ကြီးဦးသီလ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၂၁၉)